# အကောက်ခွန်ဦးစီးဌာန၊ MACCS ဌာနခွဲ၏ကြေညာချက်အမှတ်(၁၁၄/၂၀၂၀)

ရက်စွဲ။ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ(၁၀) ရက်

## ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်များ(Importer/Exporter) သိရှိနိုင်ပါရန်

၁။ ယခုအခါ Covid-19 ရောဂါကူးစက်မှုသည် တိုင်းဒေသကြီးများနှင့်ပြည်နယ်များ၌ ပြန့်နှံ့လျက်ရှိပါသဖြင့် ရုံးလုပ်ငန်းများတွင် လူအချင်းချင်းထိတွေ့ဆောင်ရွက်မှုများအား လျှော့ချနိုင်ရန်အတွက် အကောက်ခွန်ဦးစီးဌာနမှ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ MACCS ဌာနခွဲ၌ Importer/Exportor Code (I/E Code) လာရောက်ထုတ်ယူထားခြင်းမရှိသေးသော ပို့ကုန်/ သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် IE Code အသစ်လျှောက်ထားရာတွင် အောက်ဖော်ပြပါစာရွက်စာတမ်းများအား Scan ဖက်၍ Attached File ပူးတွဲပြီး maccs.newiecode@gmail.com သို့ (၁၀.၉.၂၀၂၀) ရက်နေ့မှစတင်၍ E-mail ဖြင့်လျှောက်ထားနိုင်ပါသည်-

(က) Board of Director အဖွဲ့ဝင်တစ်ဦးဦးလက်မှတ်ရေးထိုးထားသော Company Letter Head ဖြင့်လျှောက်လွှာ (နောက်ဆက်တွဲ-က)

(ခ) ပသက လက်မှတ် (မူရင်း)

(ဂ) လျှောက်လွှာတွင်လက်မှတ်ရေးထိုးထားသူ၏ နိုင်ငံသားစိစစ်ရေးကဒ်(မူရင်း)

၃။ အသေးစိတ်အချက်အလက်များအား ထပ်မံသိရှိလိုပါက Help Desk Hot Line Phone: 01379429 သို့ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အကောက်ခွန်ဦးစီးဌာန

နောက်ဆက်တွဲ-(က)

**Company Letter Head**

သို့

တာဝန်ခံအရာရှိ

User Registration Section

MACCS DIVISION

အကောက်ခွန်ဦးစီးဌာန

ရန်ကုန်မြို့

ရက်စွဲ၊

**အကြောင်းအရာ။ Importer/Exporter Code (IE Code) ထုတ်ယူခွင့်ပြုနိုင်ပါရန် လျှောက်ထားခြင်း**

၁။ အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ ကျွန်တော်/ကျွန်မ များကုမ္ပဏီ -------------------------- သည် အကောက်ခွန်ဦးစီးဌာန၏ MACCS စနစ်အား ဝင်ရောက်အသုံးပြုလိုပါသဖြင့် လိုအပ်သည့် IE Code အား အောက်ပါဖော်ပြပါ စာရွက်စာတမ်းများနှင့်အတူ ပူးတွဲလျှောက်ထားအပ်ပါသည်-

(က) ပသကလက်မှတ် (မူရင်း) (JPEG File/PDF)

(ခ) လျှောက်ထားသူ၏နိုင်ငံသားစိစစ်ရေးကဒ် (မူရင်း) (JPEG File/PDF)

၂။ MACCS စနစ်အားအသုံးပြုရန် လူကြီးမင်းတို့ဌာနမှချမှတ်ထားသည့် စည်းကမ်းချက်များအား ဆက်လက်လိုက်နာပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ပူးတွဲပါ Attached File များသည် မူရင်းစာရွက်များနှင့်ကွဲလွဲမှုတစ်စုံတစ်ရာမရှိပါကြောင်း ဝန်ခံကတိပြုပါသည်။

Board of Director အဖွဲ့ဝင်၏

လက်မှတ်/အမည်/ရာထူး